**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**မူပိုင်ခွင့်ဦးစီးဌာန**

**ကြေညာချက်အမှတ်  ၁ /၂၀၂၃**

**၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်**

**(၂၀၂၃ ခုနှစ်၊ ဧပြီလ  ၁ ရက်)**

မူပိုင်ခွင့်ဦးစီးဌာနသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ(ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤကြေညာချက်ကို ထုတ်ပြန်လိုက်သည်။

## အမိန့်အမှတ် (၆၃/၂၀၂၀) အရ ဒုတိယအဆင့်အနေဖြင့် မှတ်ပုံတင်လျှောက်ထားရန် ကြေညာချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၆၃/၂၀၂၀) အရ ပထမအဆင့်တွင် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ အီလက်ထရောနစ်စနစ်ဖြင့် လက်ခံဆောင်ရွက်လျက်ရှိပါသည်။

၂။ ဒုတိယအဆင့်အနေဖြင့် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းကို ၂၀၂၃ ခုနှစ် ဧပြီလ ၃ ရက်နေ့ မှစ၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ဦးစီးဌာနအောက်ရှိ လျှောက်လွှာလက်ခံမည့်ဌာန နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ) သို့ လာရောက်လျှောက်ထားခြင်းဖြင့်လည်းကောင်း၊ ဦးစီးဌာနက သတ်မှတ်ထားသည့် အီလက်ထရောနစ်စနစ်ဖြင့်လည်းကောင်း လျှောက်ထားနိုင်သည်။

၃။ အမိန့်အမှတ်(၆၃/၂၀၂၀)အရ ပထမအဆင့်တွင် လျှောက်ထားသူများသည် အီလက်ထရောနစ်စနစ် (WIPO file) မှတစ်ဆင့် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက်များအတွက် သတ်မှတ်ထားသော အခကြေးငွေများကို ပေးသွင်းရမည်။

(ခ) ကိုယ်စားလှယ်ခန့်အပ်လွှာ (TM-2) ကို ပြည့်စုံစွာဖြည့်၍ ပေးပို့ရမည်။

၄။ အမိန့်အမှတ်(၆၃/၂၀၂၀)အရ ဒုတိယအဆင့်တွင် လျှောက်လွှာလက်ခံသည့်ဌာနသို့ လာရောက်လျှောက်ထားသူများသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်း လျှောက်လွှာပုံစံ TM-1 ကို ပြည့်စုံစွာဖြည့်ရမည်။

(ခ) ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက ကိုယ်စားလှယ်ခန့်အပ်လွှာ TM-2 ကို ပြည့်စုံစွာဖြည့်ရမည်။

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ဦးစီးဌာနသို့ လာရောက်လျှောက်ထားခြင်းဖြစ်လျှင် သတ်မှတ်ထားသော အခကြေးငွေကို အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားချက်လက်ခံသည့်ဌာနတွင် Point-of-Sale (POS) စနစ်ဖြင့် ပေးဆောင်၍ ပေးသွင်းပြီးကြောင်း အထောက်အထား ပြေစာကို ပူးတွဲတင်ပြရမည်။

(ဃ) အမိန့်အမှတ် (၆၃/၂၀၂၀) အရ အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေး လျှောက်ထားခွင့်ရှိကြောင်း သတ်မှတ်နိုင်သည့် အထောက်အထားများကို ပူးတွဲ တင်ပြရမည်။

၅။ ဦးစီးဌာနက သတ်မှတ်ထားသော အီလက်ထရောနစ်စနစ်(WIPO file)မှတစ်ဆင့် လျှောက်ထားလိုသူများသည် WIPO file user account ရရှိထားသော ကိုယ်စားလှယ်မှတစ်ဆင့် လျှောက်ထားနိုင်သည်။

၆။ ကိုယ်စားလှယ်အနေဖြင့် ဆောင်ရွက်မည့်သူသည် မြန်မာနိုင်ငံအတွင်းတွင် နေထိုင်ပြီး နိုင်ငံသား စိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊ ဝန်ကြီးဌာနက သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်မီသူ ဖြစ်ရမည်။

၇။ ကိုယ်စားလှယ်ခန့်အပ်ဆောင်ရွက်ရာတွင် ကိုယ်စားလှယ်ခန့်အပ်သူ၏ အမြဲတမ်း နေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာနိုင်ငံသည် မြန်မာနိုင်ငံအတွင်းတွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင် လုပ်ငန်းတည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM-2 မိတ္တူကို ပူးတွဲတင်ပြရမည်။

၈။ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားဝင်စတင်လက်ခံ ဆောင်ရွက်မည့်နေ့ကို ဒုတိယအဆင့် လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်သည့်နေ့ရက်နောက်ပိုင်းတွင် သီးခြားထပ်မံ ထုတ်ပြန်ပေးမည်။

၉။ အမိန့်အမှတ် (၆၃/၂၀၂၀)အရ လျှောက်ထားလာသော အမှတ်တံဆိပ်များသည် သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်းပြီး လျှောက်ထားချက်ပါ အခြေခံလိုအပ်ချက်များ ပြည့်စုံပါက အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းအား တရားဝင်စတင်လက်ခံသည့်နေ့ရက်ကို မှတ်ပုံတင် လျှောက်ထားချက် တင်သွင်းသည့်နေ့ (Filing Date)အဖြစ် ရရှိမည်ဖြစ်သည်။

မူပိုင်ခွင့်ဦးစီးဌာန